Indiana PRE-ADMISSIONS
Your Path to College

လေးစားရပါသော [FIRST NAME] သို့၊

ဂုဏ်ယူပါတယ်! 2026 ခုနှစ် [INSERT HIGH SCHOOL] အတန်းတွင် တက်ရောက်နေသော ကျောင်းသားဖြစ်သူ သင်သည် ***Indiana ကြိုတင်ကျောင်းဝင်ခွင့်များ***တွင် ပါဝင်ခွင့်ရရှိပါသည်- ***သင်၏ ကောလိပ်သွားရာလမ်း။***

**Indiana ရှိ ကျွန်ုပ်တို့၏ ကောလိပ်ကျောင်းတစ်ကျောင်းတွင် သင် ကျောင်းသားတစ်ဦး ဖြစ်နိုင်မည်ဖြစ်သည်။** သင်၏ အထက်တန်း ဂျူနီယာစာသင်နှစ်တစ်လျှောက် စုဆောင်းထားသော GPA၊ SAT ရမှတ် နှင့်/သို့မဟုတ် ရည်မှန်းထားသော ဒီပလိုမာအမျိုးအစားကိုအခြေခံ၍ သင့်ကို အောက်ပါကောလိပ်များတွင် ကြိုတင်ကျောင်းဝင်ခွင့်ပေးလိုက်ပါသည်။

| | | |
|---|---|---|
| Anderson University | Ball State University | Bethel University |
| Calumet College of St. Joseph | Franklin College | Goshen College |
| Grace College | Hanover College | Holy Cross College |
| Huntington University | Indiana State University | Indiana Tech |
| Indiana University Bloomington | Indiana University Columbus | Indiana University East |
| Indiana University Fort Wayne | Indiana University Indianapolis | Indiana University Kokomo |
| Indiana University Northwest | Indiana University South Bend | Indiana University Southeast |
| Indiana Wesleyan University | Ivy Tech Community College | Manchester University |
| Marian University - Ancilla College | Marian University - Indianapolis | Marian University - St. Joseph's College |
| Martin University | Oakland City University | Purdue University |
| Purdue Polytechnic Statewide | Purdue University Northwest | Purdue University Fort Wayne |
| Saint Mary-of-the-Woods College | Trine University | University of Evansville |
| University of Indianapolis | University of Saint Francis | University of Southern Indiana |
| Valparaiso University | Vincennes University | WGU Indiana |

နောက်အဆင့်အနည်းငယ် ပြုလုပ်ရုံဖြင့် နောင်လာမည့် ဆောင်းဦးရာသီ အတန်းသစ်တွင် သင့်အတွက် နေရာတစ်နေရာသည် ရရှိမည်ဖြစ်ပါသည်။ သင်သည် အသိအမှတ်ပြုလက်မှတ်ရ ကာလတိုသင်တန်းမှသည် လေးနှစ်ဘွဲ့ပရိုဂရမ်အထိ နှစ်သက်ရာ အပ်နှံနိုင်ပါသည်။

**သင်လုပ်ရမည့် နောက်အဆင့်များမှာ-**

1. **LearnMoreIndiana.org/preadmit** တွင် သင်၏ ကောလိပ်ရွေးချယ်စရာများအတွက် **သုတေသန ပြုလုပ်ရန်**။
2. အထက်ဖော်ပြပါ ကောလိပ်များတွင် ကျောင်းဝင်ခွင့် သေချာပေါက် ရရှိစေရန်အတွက် **လျှောက်လွှာတင်ရန်။** မှတ်ချက်- အဖွဲ့အစည်းတိုင်းတွင် သင်၏ ကျောင်းဝင်ခွင့် သေချာစေရေးအတွက် နောက်ထပ် သတ်မှတ်ချက်များရှိနိုင်ပါသည်။ သင်သည် QR ကုဒ်ကို စကန်ဖတ်၍ ကောလိပ်တစ်ခုစီ၏ လျှောက်လွှာနှင့် အခြားအသေးစိတ်အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။ (အထက်ဖော်ပြပါ လင့်ခ်သို့လည်း သွားရောက်ကြည့်ရှုနိုင်ပါသည်။)
3. Indiana ရှိ **မိမိစိတ်ဝင်စားရာ အခြားကောလိပ်များသို့လည်း လျှောက်ထားရန်။** လျှောက်လွှာလင့်ခ်များသို့ ရောက်ရှိရန် လင့်ခ်ကို နှိပ်ပါ သို့မဟုတ် QR ကုဒ်ကို စကန်ဖတ်ပါ။
4. ဖက်ဒရယ်၏ ကျောင်းသားငွေကြေးအထောက်အပံ့အတွက် အခမဲ့လျှောက်လွှာ (FAFSA) ကို ဖြည့်ရန် ပြင်ဆင်ရာတွင် **သင့် STUDENTAID.GOV အကောင့်ကို ဖွင့်ရန်။** Indiana တွင် ပြည်နယ်၏ ငွေကြေးအထောက်အပံ့ရန်ပုံငွေ $400M ကျော်ရှိသည့်အပြင် ဖက်ဒရယ်နှင့် ကောလိပ်/တက္ကသိုလ်အလိုက် ရန်ပုံငွေများလည်း ရှိပါသည်။ နောက်ထပ် အချက်အလက်များကို စာရွက်ထဲတွင် လှန်လှောကြည့်ရှုပါ။
5. ဧပြီလ 15 ရက်နေ့နောက်ဆုံးထား၍ FAFSA လျှောက်ထားရန်အတွက် **သင့်ပြက္ခဒိန်တွင် မှတ်သားရန်။** လျှောက်လွှာများကို အောက်တိုဘာလတွင် လက်ခံပြီး တတ်နိုင်သမျှ စောစော လျှောက်ထားခြင်းသည် အကောင်းဆုံးဖြစ်သည်။ **LearnMoreIndiana.org/FAFSA** တွင် **သတိပေးချက်ရရှိရေး စာရင်းသွင်းရန်**။ "I need help filing (လျှောက်ထားရန် အကူအညီလိုသည်)" ကိုနှိပ်ပါ။

LearnMoreIndiana.org/preadmit

သင့်ကြိုးစားအားထုတ်မှုကြောင့်သာလျှင် ဤအခြေအနေသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ သင့်တွင် အထက်တန်းပြီးသည့်နောက်ပိုင်း ရွေးချယ်စရာအစုံအလင်ရှိပြီး ရှေ့တွင်လည်း

INDIANA COMMISSION for HIGHER EDUCATION

INDEPENDENT COLLEGES INDIANA

# FAFSA ကို

## မည်သို့တင်ရမည်နည်း။

Indiana PRE-ADMISSIONS Your Path to College

## FAFSA ဆိုသည်မှာ အဘယ်နည်း။

**ဖက်ဒရယ်၏ ကျောင်းသားငွေကြေးအထောက်အပံ့အတွက် အခမဲ့လျှောက်လွှာ (FAFSA)** သည် ကောလိပ်အတွက် ကျောင်းလခများ ပေးချေရာတွင် အကူအညီရရှိနိုင်သော အရေးအကြီးဆုံး စာရွက်စာတမ်းဖြစ်သည်။ ငွေကြေးအထောက်အပံ့ဆိုသည်မှာ ထောက်ပံ့စရိတ်၊ ပညာသင်ထောက်ပံ့ကြေးနှင့် ချေးငွေပုံစံများဖြင့်ရရှိသည့် ငွေအတွက် အသုံးအနှုန်းဖြစ်ပါသည်။

**2026 ခုနှစ် ဆောင်းဦးရာသီတွင် ကောလိပ်ကျောင်းအပ်ရန်အတွက် သင်သည် 2026-2027 FAFSA ကို လျှောက်လွှာတင်ရပါမည်။** ဤနှစ်၏ FAFSA လျှောက်လွှာကို **2025 ခုနှစ်၊ အောက်တိုဘာလ 1 ရက်**တွင် စတင်လက်ခံမည်။ Indiana ၏ ပြည်နယ်ငွေကြေးအထောက်အပံ့ ရရှိနိုင်ရန် သင်သည် Indiana ၏ ဦးစားပေး နောက်ဆုံးတင်ပြရက်ဖြစ်သော **2026 ခုနှစ်၊ ဧပြီလ 15 ရက်နေ့ မတိုင်မီ လျှောက်လွှာတင်ရပါမည်။**

FAFSA တင်သည့်အချိန်တွင် သင်သည် **StudentAid.gov အကောင့် (ယခင်က FSA ID ဟုခေါ်သည်)** ကို ဖွင့်ရန် လိုပါမည်။ သင်က မှီခိုကျောင်းသားဖြစ်ပါက သင့်မိဘ(များ)သည်လည်း အကောင့်ဖွင့်ရန် လိုမည်။

## StudentAid.gov အကောင့်ဖွင့်ရန် လိုအပ်သည်များ-

1. လူမှုဖူလုံရေးနံပါတ် (SSN)
2. တရားဝင် အမည်အပြည့်အစုံ
3. မွေးသက္ကရာဇ်
4. စာပို့ရန်လိပ်စာ
5. သင့်ကိုယ်ပိုင် အီးမေးလ်လိပ်စာတစ်ခု (ကိုယ်ပိုင်အီးမေးလ်ဖြစ်ရမည်။ အထက်တန်းကျောင်းအီးမေးလ် မဟုတ်ပါ)
6. မှတ်မိလွယ်သော အသုံးပြုသူအမည်နှင့် စကားဝှက် (၎င်းတို့ကို လုံခြုံသည့်နေရာတွင် သိမ်းထားပါ)

## FAFSA လျှောက်ထားရန် လိုအပ်သည့်အရာများ-

1. StudentAid.gov အကောင့် အသုံးပြုသူအမည်နှင့် စကားဝှက်
2. လူမှုဖူလုံရေးနံပါတ် (SSN)
3. (မဖြစ်မနေပေးရန် မဟုတ်ပါ) သင့်ယာဉ်မောင်းလိုင်စင်နံပါတ်
4. 2024 ခုနှစ် ဖက်ဒရယ် အခွန်ရှင်းတမ်း (ရှိပါက) (IRS ဖောင်များ 1040၊ 1040EZ သို့မဟုတ် 1040A)
5. သင့်မိဘများအတွက် 2024 ခုနှစ် အခွန်ရှင်းတမ်း (ရှိပါက) (IRS ဖောင်များ 1040၊ 1040EZ သို့မဟုတ် 1040A)
6. W-2 ဖောင်များနှင့် မကြာသေးမီက ဘဏ်စာရင်းရှင်းတမ်းအပါအဝင် ဝင်ငွေမှတ်တမ်းများ
7. သင် သို့မဟုတ် သင့်မိဘ(များ)က U.S. နိုင်ငံသားမဟုတ်ပါက နိုင်ငံခြားသား မှတ်ပုံတင်နံပါတ်များ သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့်ကတ်များ
8. သင်လျှောက်ထားသော အဖွဲ့အစည်းတိုင်းအတွက် FAFSA ကုဒ် ဂဏန်းခြောက်လုံး။ သင်၏ FAFSA အချက်အလက်များကို ကောလိပ်သို့တင်ပြရန်အတွက် ဤကုဒ်များကို အသုံးပြုပါ။ သင်သည် ကောလိပ် အခု 20 အထိ တစ်ပြိုင်နက် လျှောက်ထားနိုင်ပါသည်။ FAFSA ကုဒ်ကို LearnMoreIndiana.org/preadmit တွင် ရှာဖွေပါ။ (ဤစာရွက်ရှေ့ဘက်ရှိ QR ကုဒ်ကိုလည်း စကန်ဖတ်၍ရသည်။)

## FAFSA ကို မည်သို့တင်ရမည်နည်း။

FAFSA တင်ရန် အလွယ်ကူဆုံးနည်းမှာ အွန်လိုင်း **https://studentaid.gov/h/apply-for-aid/fafsa** တွင် တင်ခြင်း ဖြစ်သည်။ သင်၏ FAFSA ကို စာတိုက်မှပေးပို့စေလိုပါက ပရင့်ထုတ်ရလွယ်ကူသည့် PDF ပုံစံကိုလည်း ဝက်ဘ်ဆိုက်တွင် ပံ့ပိုးပေးထားပါသည်။ သို့ရာတွင် အီလက်ထရောနစ်နည်းဖြင့် လျှောက်လွှာတင်ရန် အလေးအနက်တိုက်တွန်းပါသည်။

နှစ်တစ်နှစ်၏ ကာလအပိုင်းအခြားများအတွင်း တစ်ပြိုင်နက် လက်ခံသော FAFSA နှစ်မျိုးရှိပါသည်။ **2026-2027 FAFSA** ကို တင်ဖြစ်အောင် တင်ပါ။

StudentAid.gov အကောင့်ဖွင့်ခြင်းနှင့် FAFSA အကြောင်း ပိုမိုသိရှိလိုပါက **LearnMoreIndiana.org/FAFSA** သို့ ဝင်ရောက်ကြည့်ရှုပါ။ ထို့အပြင် **LearnMoreIndiana.org/scholarships** တွင် နောက်ထပ် ပညာသင်ဆု အခွင့်အလမ်းများအကြောင်း အချက်အလက်များရှိသည်။

**StudentAid.GOV** LEARN MORE INDIANA **LearnMoreIndiana.org/FAFSA**